ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သစ်တော) ၃(၂)/၁၆(ဃ)(၃၃၆၈/၂၀၁၈)
ရက်စွဲ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

အကြောင်းအရာ။ **ရွှေသံခနဲကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဆန်ဘိုတောင်ဒေသတွင် ခန့်မှန်းမြေပုံညွှန်း 93-B/1 (A) 859253 (B) 862253 (C) 862257 (D) 859257 မြေဧရိယာ (၂၀) ဧကကျယ်ဝန်းသော ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို အတည်ပြုပြန်ကြားခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၃၀-၅-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁၀၃၄/ရွှေဖက်စပ်(ရွှေသံခနဲ - IEE)/၂၀၁၈

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၃၁-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/သတ္တု(၁၁၆၈/၂၀၁၈)

ရွှေသံခနဲကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဆန်ဘိုတောင်ဒေသတွင် မြေဧရိယာ (၂၀) ဧကကျယ်ဝန်းသော ခန့်မှန်းမြေပုံညွှန်း 93-B/1 (A) 859253 (B) 862253 (C) 862257 (D) 859257 လုပ်ကွက်တွင် ရွှေသတ္တုထုတ်လုပ်ခြင်းအတွက် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို စိစစ်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီပါသဖြင့် အဆိုပါအစီရင်ခံစာကို အတည်ပြုပါကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြန်ကြားအပ်ပါသည်-

(က) အစီရင်ခံစာ၏ စာမျက်နှာ (၁၇) မှ (၁၉) ထိ ဖော်ပြထားသော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်သွားရန်၊

(ခ) အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသော ကန်ထရိုက်တာနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေး အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန်၊

(ဂ) စာမျက်နှာ (၃၁) မှ (၃၃) ထိတွင် ဖော်ပြထားသော ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဃ) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရန်နှင့် မည်သည့်ဖော်ခွဲမှုတွင်မဆို 120 dB Linear ထက်မကျော်လွန်စေရန်၊

(င) မြေတုန်ခါမှုအတွက် 5 mm/s (peak particle velocity ppv) ထက်မကျော်လွန်စေရန်နှင့် ဖောက်ခွဲခြင်းကို နေ့အလင်းရောင်ရှိသည့် အချိန်တွင်သာ ပြုလုပ်ရန်၊

(စ) အပေါ်ယံမြေလွှာ၊ စွန့်ပစ်မြေစာ၊ မြေစာပုံများ စသည့်စွန့်ပစ်ပစ္စည်းစုပုံမည့်နေရာ ရွေးချယ်ခြင်း၊ ဘေးအန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်းများ (ဥပမာ-အက်စစ်ရေစီးဆင်းမှု၊ အဆိပ်သင့်မြေစာပုံများ) နှင့် သတ္တုတွင်းပိတ်သိမ်းခြင်း လုပ်ငန်းစဉ်ဖြစ်သည့် စွန့်ပစ်မြေစာများ ရေရှည်တည်ငြိမ်စေရေး၊ ပြိုကျမှုမရှိစေရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးတို့ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဆ) အပေါ်ယံမြေလွှာကို သင့်တော်စွာဖယ်ထုတ်ခြင်း၊ သိုလှောင်ခြင်းနှင့် အစားထိုးခြင်း ဆောင်ရွက်ရန်၊

(ဇ) မြေတိုက်စားနိုင်မှု၊ ပြဿနာဖြစ်နိုင်သောနေရာများကို မြေတိုက်စားမှု ကာကွယ်ထိန်းချုပ်ရန်နှင့် ညစ်ညမ်းမှုရှိသည့် ဧရိယာများကို ပြန်လည်ထူထောင်ရန်၊

(ဈ) ထွက်ရှိစွန့်ပစ်ပစ္စည်း (အရည်၊ အစိုင်အခဲ၊ အငွေ့) အမျိုးအစား၊ အတန်းအစားနှင့် ပမာဏ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ည) လုပ်သားများအတွက် အကာအကွယ်ပစ္စည်းများ၊ နေထိုင်မှုစံချိန်စံညွှန်းများ၊ လုပ်ငန်းခွင်အခြေအနေ စသည်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊

(ဋ) ဝင်ရောက်သည့် နေရာများကန့်သတ်ခြင်း၊ ပစ္စည်းနှင့် လုပ်သားများကို သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ ထုတ်ကုန်များ၊ ပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ စနစ်တကျ သတ်မှတ်ဆောင်ရွက်ရန်၊

(ဌ) စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် ဆက်သွယ်ပြန်ကြားရေးလုပ်ငန်းစဉ်များ၊ တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ထိုအစီအစဉ်တွင် အောက်ပါအချက်များပါဝင်ရမည်-

(၁) ဖောက်ခွဲခြင်း လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှုအပေါ် ထိခိုက်နိုင်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံ များသို့ ကြိုတင်အသိပေးရန်၊

(၃) တည်ဆောက်ရေးကာလ ယာဉ်သွားလာမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် မွေးမြူရေးတို့အပေါ် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မွေးမြူထား သည့် တိရစ္ဆာန်များ သွားလာမှုအပေါ် နှောင့်ယှက်မှုအနည်းဆုံးဖြစ်စေ ရေးအတွက် ဒေသခံမြေပိုင်ရှင်များနှင့် တိုင်ပင်ဆွေးနွေးရန်၊

(ဉ) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေခံအဆောက်အဦး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အား ဆောင်ရွက်ပေးရန်၊

(ဋ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလများအတွင်း အများပြည်သူ နှင့် တိုင်ပင်ဆွေးနွေးခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ ပူးပေါင်းပါဝင်စေ ခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက် သွားရန်၊

(ဌ) သဘာဝဘေးအန္တရာယ်များနှင့် မတော်တဆမှုများကို ဖြေရှင်းနိုင်ရန်အတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အရေးပေါ်အခြေအနေ တုံ့ပြန်ရေးနှင့် စီမံခန့်ခွဲ ရေးစီမံချက်တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဍ) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဎ) အောက်ပါတို့ကို ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များအား မကိုက်ညီမှုများကို ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံစာတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုး သက်ရောက်မှုများ၊

(ဒ) ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုသယံဇာတများအား ထိခိုက်မှုမရှိစေရေး ကာကွယ်ပေးရန်နှင့် စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှု သယံဇာတများအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အကြောင်းကြားအပ်နှံရန်၊

(ဓ) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရမည့်အပြင် ထိုအစီရင်ခံစာများကို အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ပြန်ရန်၊

(န) စောင့်ကြပ်ကြည့်ရှုမည့် (parameters) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သတ်မှတ်ချက်အတိုင်း တင်ပြရန်၊

(ပ) စာမျက်နှာ (၅၇) မှ (၆၆) ထိတွင် ဖော်ပြထားသော စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်မည့်အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာအား အများပြည်သူသိရှိနိုင်ရေး ထုတ်ဖော်ကြေညာရန်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်၊

(ဖ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများအား ပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန်မတိုင်မီ (၆) လအလိုတွင် ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီး နောက်အဆင့်များအတွက် စီမံချက်တစ်ရပ်ကို တင်ပြဆောင်ရွက်ရန်၊

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဝင်းဇော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၉)

မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန